**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၃၀ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၉–၃–၂၀၁၅ ] ( ကြာသပတေးနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၀ ရကမြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **နိုင်ငံတော်မှ ရာဘာဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်နှင့် စပါးသီးနှံကဲ့သို့ စိုက်ဧကအလိုက် စိုက်စရိတ်အား နှစ်လတ်၊ နှစ်ရှည် ငွေချေးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **နိုင်ငံတော်အတွင်း မြို့နယ်ရုံးစိုက်ရာ မြို့များ၌ အလုပ်သမား မှတ်ပုံတင် ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူခင်းထားသော လမ်းများမှာ မိုင်ပေါင်းမည်မျှ၊ ကုန်ကျစရိတ် မည်မျှရှိ၍ ထိုလုပ်ငန်းကို ပုဂ္ဂလိက ကုမ္ပဏီအား လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အောင်တံခွန် ၃ ရေယာဉ်နစ်မြုပ်မှုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြခြင်း၊

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **“ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။